# ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ

## (၂၀၁၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်- ၄ )

## ၁၃၇၈ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

## (၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ ၂၈ ရက်)

## နိဒါန်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ပဲခူးတိုင်းဒေသကြီး၌ အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရ** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးချုပ်** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးလုပ်ငန်းများကိုတာဝန်ယူ ဆောင်ရွက်ရသော ဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဝန်ကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရသောဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(ဆ) **စည်ပင်သာယာရေးဌာန** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဇ) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောဝန်ထမ်းအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့ ပေါင်းစပ်ဖွဲ့စည်းထားသည့်အဖွဲ့ကို ဆိုသည်။

ယင်းစကားရပ်တွင် တိုင်းဒေသကြီး စည်ပင် သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သည်။

(ဈ) **တိုင်းဒေသကြီးစည်ပင်သာယာရေးဌာန** ဆိုသည်မှာ ညွှန်ကြားရေးမှူး ဦးဆောင်သည့် အရာထမ်း၊ အမှုထမ်းများပါဝင်သော အဖွဲ့ကို ဆိုသည်။

(ည) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဌာန အကြီးအမှူးကို ဆိုသည်။

(ဋ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စည်ပင်သာယာရေး ကော်မတီ အဆင့်ဆင့်ကို ဆိုသည်။

(ဌ) **ဝန်ထမ်းအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးဌာန၊ ရုံးဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဍ) **အမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးဌာန၊ ရုံးဝန်ထမ်းအကြီးအကဲကို ဆိုသည်။ ဤဥပဒေပါ ကော်လိတ္တော်အရာရှိ၏တာဝန် ထမ်းဆောင်ရသူကို ဆိုသည်။

(ဎ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်းများအရလည်းကောင်း ၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကိုအန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကိုထိခိုက်ပျက်စီးစေနိုင်သော၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်။

(ဏ) **ကြော်ငြာ** ဆိုသည်မှာ အကြောင်းကိစ္စတစ်ခုခုကို လူတစ်စုအားဖြစ်စေ၊ လူအများအားဖြစ်စေ၊ ကြားသိနားလည်စေရန်ပြုလုပ်ပေးခြင်းကို ဆိုသည် ။

(တ) **အခွန်** ဆိုရာတွင် ဤဥပဒေအရ စည်းကြပ်သည့်အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့အပြင် အောက်ပါဆောင်ရွက်မှုတစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်ချက်များလည်း ပါဝင်သည်-

(၁) သောက်သုံးရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့် **ရေခွန်**။

(၂) အများပြည်သူဆိုင်ရာ လမ်းနှင့် နေရာများတွင် မီးထွန်းပေးခြင်းအတွက် ကောက်ခံသည့် **မီးခွန်**။

(၃) အမှိုက်နှင့်အညစ်အကြေးများ စုပုံရွှေ့ပြောင်းစွန့်ပစ်ရှင်းလင်းခြင်းအတွက် ကောက်ခံသည့် **အမှိုက်နှင့် အညစ်အကြေးခွန်**။

(၄) မီးဖိုချောင်ထွက်အမှိုက် သို့မဟုတ် သာမန်အမှိုက်များမှအပ ကျန်အမှိုက်တစ်မျိုးမျိုးကို အဖွဲ့၏ပုံမှန်သတ်မှတ်ဆောင်ရွက်လျှက်ရှိသော အမှိုက်သိမ်းဆည်းမှုအစီအစဉ်အရ ဖြစ်စေ၊ သီးခြားအစီအစဉ်အရဖြစ်စေသိမ်းဆည်း ရှင်းလင်းသယ်ယူစွန့်ပစ်ပေးရခြင်း အတွက် အဖွဲ့ကတောင်းခံသော သို့မဟုတ် သီးခြားစည်းကြပ်သော သတ်မှတ်သည့် **အမှိုက်သိမ်းဆည်းခွန်**။

(ထ) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး** ဆိုသည်မှာ အခွန်စည်းကြပ်မည့်မြေနှင့် အဆောက်အအုံကို မည်သည့်အသုံးအဆောင်၊ပရိဘောဂမျှမပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသောတန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်စည်းကြပ်မည့် မြေနှင့် အဆောက်အအုံ၏တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ ရာခိုင်နှုန်းအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

(ဒ) **အနှေးယာဉ်** ဆိုသည်မှာ ခရီးသည်နှင့် ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူ ပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြု သော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဓ) **အနှေးယာဉ်မောင်းသူ** ဆိုသည်မှာ အနှေးယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

(န) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗာန်၊စက်တပ်ရေယာဉ်စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် စည်ပင်သာယာရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတထားသော အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

(ပ) **စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ ဤဥပဒေ အာဏာမတည်မီကာလက သတ်မှတ်ထားသော စည်ပင်သာယာရေးနယ်နိမိတ်များ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီးဌာနက သတ်မှတ်ကြေညာထားသော စည်ပင်သာယာရေး နယ်နိမိတ်များကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်၊မြို့၊ မြို့ပြ၊ ဒေသ၊ မြို့အသွင်ဖွံ့ဖြိုး တိုးတက်နေသောကျေးရွာ စည်ပင်သာယာရေးနယ်နိမိတ်များ ပါဝင်သည်-

(၁) **မြို့ပြ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မြို့အဖြစ် သတ်မှတ်ထားသည့် နယ်မြေကိုဆိုသည်။

(၂) **ဒေသ** ဆိုသည်မှာ မြို့ပြနှင့် မြို့ပြအနီးဝန်းကျင်ရှိ သတ်မှတ်ထားသော ဆက်စပ်နယ်မြေ များကို ဆိုသည်။

(ဖ) **အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေတွင် တိကျစွာ သတ်မှတ်ဖော်ပြထားသော ပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများမှအပ ပုဂ္ဂလိက တစ်ဦးချင်းဖြစ်စေ၊ အစုစပ် သို့မဟုတ် ဖက်စပ်ဖြစ်စေ၊ အသင်း သို့မဟုတ် ကုမ္ပဏီ တည်ထောင်၍ဖြစ်စေ အကျိုးအမြတ်ရရှိစေရန် လုပ်ကိုင်ဆောင်ရွက်သော အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို ဆိုသည်။

(ဗ) အခမဲ့ သို့မဟုတ် အခကြေးငွေယူ၍ လူနေထိုင်ခွင့်ပြုသော အဆောက်အအုံများတွင် အောက်ပါတို့ပါဝင်သည်-

(၁) **တည်းခိုခန်း** ဆိုသည်မှာ စီးပွားရေးအလို့ငှာ ပြည်တွင်းခရီးသွားများ သာတည်းခို နေထိုင်ရန်အတွက် အခကြေးငွေဖြင့် လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကိုဆိုသည်။

(၂) **အခန်းလိုက်ငှားသော အဆောက်အအုံ** ဆိုသည်မှာ အဆောက်အအုံ တစ်ခုလုံးကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အခန်းများဖွဲ့၍ ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကိုဆိုသည်။

(၃) **ဘော်ဒါဆောင်** ဆိုသည်မှာ ကျောင်းသူ၊ ကျောင်းသားများ သို့မဟုတ် ဝန်ထမ်းများနှင့် အလုပ်သမားများနေထိုင်နိုင်ရန် ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကို ဆိုသည်။

(ဘ) **ဈေး** ဆိုသည်မှာ ကုန်စိမ်း၊ ကုန်ခြောက်၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ပန်း၊ စားသောက်ကုန် ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ်များ၊ အသုံးအဆောင်များ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများစသည်တို့ကို အများပြည်သူတို့ ပုံမှန်အချိန်ကာလ တစ်ခုတွင် ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ထားသည့် နေရာဒေသ သို့မဟုတ် အဆောက်အအုံများ၊ ဆိုင်ခန်းများ တည်ရှိရာ နေရာအဝန်းကို ဆိုသည်။ ယင်းစကားရပ်တွင် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးနှင့် ပုဂ္ဂလိကပိုင်ဈေး စသည်တို့ပါဝင်သည်။

(မ) **ယာယီဈေး** ဆိုသည်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိခိုက်စေခြင်းမရှိဘဲ အချိန်၊ နေရာ၊ အကျယ်အဝန်း ကန့်သတ်သတ်မှတ်ချက်တစ်ခုအတွင်း အခိုင်အမာဆောက်လုပ်ခွင့်မပြုသော ဆိုင်ရောင်းချပစ္စည်းများ၊ ထွက်ရှိအမှိုက်များအား နေ့စဉ်ပြန်လည်သိမ်းဆည်းစေ၍ ရောင်းချရန်ခွင့်ပြုထားသောဈေးကို ဆိုသည်။

(ယ) **သားသတ်ရုံ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အပ်နှံထားသည့် သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပိုင်ဆိုင်သည့် သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အုပ်ချုပ်သည့် မိမိတို့မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အမဲ(ကျွဲ၊နွား) သားသတ်ရုံ၊ ဝက်သားသတ်ရုံ၊ ဆိတ်နှင့်သိုးသားသတ်ရုံတို့ကို ဆိုသည်။

(ရ) **သားသတ်လုပ်ငန်း** ဆိုသည်မှာ အများပြည်သူစားသုံးရန်အတွက် ရောင်းချရန်အလို့ငှာ စည်ပင်သာယာရေးဌာနပိုင် သားသတ်ရုံ သို့မဟုတ် အဖွဲ့ကခွင့်ပြုထားသည့် သတ်မှတ် နေရာများတွင် စည်းကမ်းချက်များနှင့်အညီ သတ်ဖြတ်ခွင့်ပြုထားသည့် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်နှင့် သိုးများအား သတ်ဖြတ်သည့်လုပ်ငန်းကို ဆိုသည်။

(လ) **လမ်း** ဆိုသည်မှာ လမ်းမကြီးများဥပဒေအရ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲသော လမ်းမကြီးများမှအပ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများပြည်သူတို့ ဖြတ်သန်းသွားလာခွင့် သို့မဟုတ် ချဉ်းကပ်ဝင်ရောက် ခွင့်ရှိသည့် အများသွားရာလမ်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မည်သည့် လမ်းမကြီး၊ လမ်းကျယ်၊ လမ်းကျဉ်း၊ လမ်းသွယ်၊လမ်းတို မဆိုပါဝင်သည်။ ၎င်းအပြင် လမ်းတစ်ခုခု၏ အပေါ်မြေလွှာ၊ အောက်မြေလွှာ၊ လမ်းပခုံး၊ စင်္ကြံလမ်း၊ ရေစီးရေလာမြောင်းနှင့် အဆိုပါမြေ နယ်နိမိတ်တွင် စွဲမြဲထားသည့်အရာဝတ္ထုတစ်ခုခုလည်း ပါဝင်သည်။ ယင်းစကားရပ်တွင် ကတ္တရာလမ်း၊ ကွန်ကရီလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်း၊ မြေသားလမ်း စသည်တို့ ပါဝင်သည်။

(ဝ) အဆောက်အအုံ တစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း ဆိုသည့် စကားရပ်တွင် ၎င်းတို့နှင့် အလားတူ အသုံးအနှုန်းများနှင့်တကွ အောက်ပါတို့ပါဝင်သည်-

(၁) အဆောက်အအုံအသစ်တစ်ခုခု စတင်ဆောက်လုပ်ခြင်း ။

(၂) မူလအဆောက်အအုံ၏ အစိတ်အပိုင်း၊ တစ်စိတ်တစ်ဒေသအား ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြည့်စွက်ခြင်း၊ မွမ်းမံပြောင်းလဲ ဆောက်လုပ်ခြင်း ။

(၃) မူလက လူနေထိုင်ရန်မဟုတ်သည့် အဆောက်အအုံတစ်ခုခုကို လူနေထိုင်ရာနေရာ ဖြစ်စေရန် အသွင်ပြောင်းလဲခြင်း ။

(သ) **အန္တရာယ်ရှိသော အဆောက်အအုံ** ဆိုသည်မှာ အဆောက်အအုံတစ်ခုခုသည် ဟောင်းနွမ်းပျက်စီး၍ လူနေထိုင်ရန်မသင့်လျော်ခြင်း၊ အန္တရာယ်ရှိစေနိုင်သည်ဟု ထင်မြင်ယူဆခြင်း၊ ဟောင်းနွမ်းပျက်စီး၍ ပြိုပျက်မည့်အခြေအနေကြောင့် အများပြည်သူနှင့် ပတ်ဝန်းကျင်အတွက် ထိခိုက်စေနိုင်သည့်အခြေအနေတွင်ရှိခြင်း၊ စံချိန်စံညွှန်းကိုက်ညီမှု မရှိဘဲ ဆောက်လုပ်ထားသည်ကို စိစစ်တွေ့ရှိရခြင်း၊ အထောက်အထားခိုင်လုံသည့် ပြိုကျပျက်စီးနိုင်သော အဆောက်အအုံကို ဆိုသည်။

(ဟ) **အငှားစက်တပ်ယာဉ်ငယ်** ဆိုသည်မှာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခုမှ စက်တပ်ယာဉ်ငယ်အဖြစ် မှတ်ပုံတင်ခွင့်ပြုထားသော နှစ်ဘီး သို့မဟုတ် သုံးဘီးပါ စက်တပ်ယာဉ်ဖြင့် ခရီးသည်၊ ကုန်ပစ္စည်းတို့ကို အခကြေးငွေယူ၍ မြို့နယ်တစ်ခုအတွင်း ပြေးဆွဲနေသော စက်တပ်ယာဉ်ငယ် (လျှပ်စစ်စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်)ကို ဆိုသည်။

(ဠ) **အငှားစက်တပ်ယာဉ်ငယ်မောင်းသူ** ဆိုသည်မှာ အငှားစက်တပ်ယာဉ်ငယ် (လျှပ်စစ်စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်) မောင်းနှင်သူကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ (က) ပြည်သူများကရွေးချယ်ပေးသည့် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် မြို့၊ မြို့ပြ၊ ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာစေရန်။

(ခ) စည်ပင်သာယာရေးဆိုင်ရာအခွန်အရပ်ရပ်ကို သတ်မှတ်နှုန်းထားများအတိုင်း အပြည့်အဝ ရရှိစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိသည့် ပြည်သူ့ဗဟိုပြု စီမံခန့်ခွဲမှုစနစ် ပေါ်ထွန်းလာစေရန် ။

(ဂ) ပြည်သူများထံမှရရှိလာသော စည်ပင်သာယာရေးဆိုင်ရာ အခွန်အရပ်ရပ်သည် ‘‘အများပြည်သူအကျိုးအတွက်သာဖြစ်ရမည်’’ ဟူသောဦးတည်ချက်ဖြင့် သက်ဆိုင်ရာ မြို့၊ မြို့ပြ၊ ဒေသ စည်ပင်သာယာရေးလုပ်ငန်းများတွင် တည်ဆဲဥပဒေ၊ စည်းကမ်းများနှင့် အညီ စနစ်တကျ အသုံးပြုစေရန်။

## အခန်း(၃)

## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးချုပ်သည် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းနိုင်ရေးအတွက် ရွေးချယ်ရေးအဖွဲ့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီဖွဲ့စည်းပေး၍ ရွေးချယ်ဖွဲ့စည်းပြီးသော အောက်ပါကော်မတီအဆင့်ဆင့်ကို အတည်ပြုပေးရမည်-

(က) တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီကို အောက်ပါနိုင်ငံသားပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ဝန်ကြီး — ဥက္ကဋ္ဌ

(၂) ပဲခူးခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများအနက်မှ (၁)ဦး — အဖွဲ့ဝင်

(၃) တောင်ငူခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများအနက်မှ (၁)ဦး — အဖွဲ့ဝင်

(၄) ပြည်ခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများအနက်မှ (၁)ဦး — အဖွဲ့ဝင်

(၅) သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများအနက်မှ (၁)ဦး — အဖွဲ့ဝင်

(၆) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၇) ညွှန်ကြားရေးမှူး တိုင်းဒေသကြီးစည်ပင်သာယာရေးဌာန — အတွင်းရေးမှူး

(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီကို နိုင်ငံသားများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) သတ်မှတ်ထားသောမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပြည်သူလူထုက ရွေးချယ်ထားသောပုဂ္ဂိုလ် — ဥက္ကဋ္ဌ

(၂) သတ်မှတ်ထားသောမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ

ပြည်သူလူထုက ရွေးချယ်ထားသောပုဂ္ဂိုလ် (၂)ဦး အဖွဲ့ဝင်

(၃) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၄) အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးဌာန အတွင်းရေးမှူး

(ဂ) မြို့စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရန်လိုအပ်ပါက မြို့နယ်စည်ပင်သာယာရေး ကော်မတီ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီ၏ ဆုံးဖြတ်ချက်ကိုရယူကာ နိုင်ငံသားများဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(၁) သတ်မှတ်ထားသောမြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ

ပြည်သူလူထုက ရွေးချယ်ထားသောပုဂ္ဂိုလ် ဥက္ကဋ္ဌ

(၂) သတ်မှတ်ထားသောမြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ

ပြည်သူလူထုက ရွေးချယ်ထားသောပုဂ္ဂိုလ် (၂)ဦး အဖွဲ့ဝင်

(၃) မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(၄) အမှုဆောင်အရာရှိက တာဝန်ပေးအပ်သော ဒုတိယဦးစီးမှူး

အဆင့်ထက်မနိမ့်သူ (၁)ဦး၊ မြို့နယ်စည်ပင်သာယာရေးဌာနအတွင်းရေးမှူး

၅။ (က) ကော်မတီသည် စည်ပင်သာယာရေး အဖွဲ့အမည်၊ အဖွဲ့တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

(ခ) ကော်မတီ၏သက်တမ်းသည် ပုံမှန်အားဖြင့်အစိုးရအဖွဲ့သက်တမ်းနှင့်အညီဖြစ်သည်။ လစ်လပ် ကော်မတီဝင်နေရာတွင် အစားထိုးရွေးချယ်ခန့်ထားခြင်းကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးက ဆောင်ရွက်ရမည်။

(ဂ) ပြည်သူများမှရွေးချယ်သည့် ကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များသည် ကော်မတီ သက်တမ်းနှစ်ကြိမ်အထိသာ ရွေးချယ်ခံနိုင်ခွင့်ရှိစေရမည် ။

(ဃ) ကော်မတီ၏ ဥက္ကဋ္ဌနှင့်ကော်မတီဝင်တစ်ဦးဦးသည် အောက်ပါကိစ္စရပ် တစ်ခုခု ပေါ်ပေါက်လာပါက ကော်မတီတာဝန်မှ ရပ်စဲခံရမည်-

(၁) ပေးအပ်သည့်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်း ။

(၂) ပေးအပ်သည့်တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကိုအသုံးပြုပြီး မိမိအကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း၊မလျော်ကန်သောအပြုအမူများ ဆောင်ရွက်ခြင်း။

(၃) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ခြင်း ။

(၄) ကိစ္စရပ်တစ်ခုကိုအကြောင်းပြုပြီး အစည်းအဝေး(၃)ကြိမ် တစ်ဆက်တည်း ပျက်ကွက်ခြင်း၊ သက်ဆိုင်ရာမြို့နယ်တွင် နေထိုင်မှုမပြုတော့ခြင်း၊ မိမိ၏ နေရပ်မှ အပြီးတိုင်ထွက်ခွာခြင်း။

(၅) ကျန်းမာရေးအခြေအနေအရ မိမိ၏တာဝန်ဝတ္တရားများကို မထမ်းဆောင်နိုင်ခြင်း။

(၆) မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း ။

(၇) ကွယ်လွန်ခြင်း ။

(င) ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)(၂)(၃)တို့နှင့်အကျုံးဝင်သူတို့အား သက်ဆိုင်ရာကော်မတီမှ အပြီးအပိုင်ထုတ်ပယ်ခံရမည့်အပြင် ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိစေရ။

(စ) စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်တွင် ကော်မတီဝင်(၁)ဦး သို့မဟုတ် တစ်ဦးထက် ပိုသောကော်မတီဝင်များ၏နေရာ လစ်လပ်ပါက ထိုပုဂ္ဂိုလ်များ၏ နေရာတွင် ယင်းပုဂ္ဂိုလ်များ လစ်လပ်သည့်နေ့ရက်မှစတင်၍ ရက်ပေါင်း(၉၀)အတွင်း အစားထိုးရွေးချယ်ဖွဲ့စည်းရမည်။

၆။ ဝန်ကြီးသည် မြို့နယ်ကော်မတီကိုဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် မြို့နယ်ကော်မတီသည် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ၊ မြို့နယ်ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိကို တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့တာဝန်ပေးအပ်ရာတွင် အချိန်ကာလအားဖြင့် (၆)လထက် မကျော်လွန်စေရ။

## အခန်း(၄)
## ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ

၇။ ကော်မတီအဆင့်ဆင့်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီသည် ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဌာန၊ မြို့နယ်နှင့်မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်နှင့်မြို့ စည်ပင် သာယာရေးဌာနများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများပြုလုပ်ရမည်။

(ခ) မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့စည်ပင်သာယာရေးကော်မတီ၊ မြို့စည်ပင်သာယာရေးဌာနများ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ရမည်။

(ဂ) မြို့စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးဌာန၏ လုပ်ငန်းတာဝန်များ နှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ရမည်။

၈။ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီသည် ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်သည်-

(က) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုနှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိသော ဒေသများတွင် ဒေသန္တရစီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင်လည်းကောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆက်စပ်လျှက်ရှိသော အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ခ) မြို့နယ်စည်ပင်သာယာရေးဌာနက တင်ပြလာသော စည်းကမ်း(မူကြမ်း)များ၊ အမိန့် ကြော်ငြာစာ(မူကြမ်း)များကို စိစစ်၍ ခွင့်ပြုခြင်း။

(ဂ) အခွန်၊ အခ၊ အကောက်နှုန်းထားများကို ခေတ်နှင့်လျော်ညီသောနှုန်းထားများအဖြစ် ပြင်ဆင်သတ်မှတ်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှဖြစ်စေ၊ ပြည်သူလူထုမှဖြစ်စေ တင်ပြလာပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း။

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် အစည်းအဝေးကျင်းပပြုလုပ်ခြင်း ။

(င) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ဟိုတယ်ဇုန်၊ ကျောက်မျက်ဇုန်၊ စက်မှုဇုန်၊ မွေးမြူရေးဇုန်၊ စီးပွားရေးဇုန်စသည့် လုပ်ငန်းသဘောသဘာဝတူညီရာများ စုစည်း ဆောင်ရွက်မည့်ဒေသများကို အစိုးရအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ စီစဉ် ဖော်ထုတ်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း။

(စ) စည်ပင်သာယာရေးနှင့်သက်ဆိုင်သော လေလံနှင့်တင်ဒါကိစ္စရပ်များ ဆောင်ရွက်ရာ တွင် ကြီးကြပ်ခြင်း။

(ဆ) မြို့နယ်၊ မြို့ စည်ပင်သာယာရေးအဖွဲ့များကတင်ပြလာသော အမှုထမ်းခန့်ထားခြင်းကို စိစစ်ပြီး ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက် ခြင်း။

(ဇ) အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံးခြင်း။

၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင် သည်-

(က) မိမိမြို့နယ်နှင့်သက်ဆိုင်သော စည်းကမ်း(မူကြမ်း)များ၊ အမိန့်ကြော်ငြာစာ(မူကြမ်း) များအား စိစစ်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးဌာနမှတဆင့် တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီသို့ တင်ပြခြင်း ။

(ခ) အခွန်၊ အခ၊ အကောက်နှုန်းထားများအား ခေတ်နှင့်လျော်ညီသောနှုန်းထားများအဖြစ် ပြင်ဆင်သတ်မှတ်ခြင်းများအား မြို့နယ်စည်ပင်သာယာရေးဌာနမှဖြစ်စေ၊ ပြည်သူလူထုမှဖြစ်စေ တင်ပြလာပါက စိစစ်၍ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း ။

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်လလျှင် အနည်းဆုံးနှစ်ကြိမ် အစည်းအဝေးကျင်းပပြုလုပ်ခြင်း၊ ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးပြုလုပ်ပေးရန် စာဖြင့်တင်ပြလာလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူက အစည်းအဝေး ခေါ်ယူကျင်းပပေးခြင်း။

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုက မိမိ၏အသိစိတ်ဓာတ်၊ လွတ်လပ်သောသဘောဆန္ဒဖြင့် ပူးပေါင်းပါဝင်လာစေရေးအတွက် ဆောင်ရွက်ခြင်း ။

(င) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးဌာနများကို ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ နည်းစနစ်များချမှတ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊ စက်ယန္တရားများအသုံးပြု ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း။

(စ) တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လမ်း၊တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပေးရေးနှင့် သန့်ရှင်းရေးစသည့် ဝန်ဆောင်မှု လုပ်ငန်းများနှင့် အခွန်ကောက်ခံခြင်းလုပ်ငန်းများကို အပ်နှံဆောင်ရွက်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း။

(ဆ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းအမျိုးအစားအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်း ။

(ဇ) တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်း၊ပြည်ပ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနှင့်ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်စေခြင်း ။

(ဈ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အများပြည်သူလေးစားလိုက်နာစေရေးအတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ည) ပြည်သူလူထုမှ တင်ပြတောင်းခံလာသော လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား စိစစ်ရွေးချယ်၍ ထောက်ခံတင်ပြပေးခြင်း သို့မဟုတ် ပြည်သူနှင့်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်စေခြင်း ။

(ဋ) မြို့နယ်စည်ပင်သာယာရေးဌာန ဝင်ငွေတိုးတက်ရရှိစေရေးအတွက် လုပ်ငန်းလိုင်စင်အသစ်များဖော်ထုတ်ခြင်း၊ စိစစ်ထောက်ခံခြင်း ။

(ဌ) မြို့နယ်စည်ပင်သာယာရေးဌာနများနှင့်သက်ဆိုင်သော လေလံများ၊တင်ဒါများ ချထားရေးကိစ္စတွင် ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ခြင်း။

(ဍ) မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမှုထမ်းများခန့်ထားခြင်းကို တိုင်းဒေသကြီးစည်ပင်သာယာရေးဌာနမှ စိစစ်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီမှတဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူဆောင်ရွက်ခြင်း။

(ဎ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၀။ မြို့ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် -

(က) စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တစ်လလျှင် အနည်းဆုံးနှစ်ကြိမ် အစည်းအဝေးကျင်းပပြုလုပ်ခြင်း၊ ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးပြုလုပ်ပေးရန် စာဖြင့်တင်ပြလာလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူက အစည်းအဝေးခေါ်ယူကျင်းပပေးခြင်း။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုက မိမိ၏အသိစိတ်ဓာတ်၊ လွတ်လပ်သော သဘောဆန္ဒဖြင့် ပူးပေါင်းပါဝင်လာစေရေးအတွက် ဆောင်ရွက်ခြင်း ။

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးဌာနများကို ခေတ်မီတိုးတက်သည့်နည်းလမ်းများ၊ နည်းစနစ်များချမှတ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊ စက်ယန္တရားများအသုံးပြု ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း။

(ဃ) ရေပေးရေးနှင့် သန့်ရှင်းရေးစသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခွန်ကောက်ခံခြင်းများကို ဆောင်ရွက်ခြင်း။

(င) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းအမျိုးအစားအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း ။

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အများပြည်သူလေးစားလိုက်နာစေရေးအတွက် စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်စေရန် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

(ဆ) ပြည်သူလူထုမှ တင်ပြတောင်းခံလာသော လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား စိစစ် ရွေးချယ်၍ ထောက်ခံတင်ပြပေးခြင်း သို့မဟုတ် ပြည်သူနှင့်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်စေခြင်း။

(ဇ) မြို့နယ်စည်ပင်သာယာရေးဌာန ဝင်ငွေတိုးတက်ရရှိစေရေးအတွက် လုပ်ငန်းလိုင်စင်အသစ်များ ဖော်ထုတ်ခြင်း၊ စိစစ်ထောက်ခံခြင်း ။

(ဈ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများရေးဆွဲတင်ပြခြင်း၊ မြို့ကော်မတီသည် မိမိမြို့အတွက် သီးခြားအာဏာ တည်စေလိုသော စည်းကမ်းများရေးဆွဲလိုပါက မြို့နယ်ကော်မတီသို့ တင်ပြခြင်း။

(ည) မြို့စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမှုထမ်းများခန့်ထားခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတဆင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ထံတင်ပြ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူဆောင်ရွက်ခြင်း။

(ဋ) မြို့နယ်ကော်မတီက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ ကော်မတီအဆင့်ဆင့်၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောထားရယူ၍ အစိုးရဝန်ထမ်းများမှအပ မြို့နယ်နှင့်မြို့ ကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်ငွေများကို သတ်မှတ်ပေးရမည်။

(ခ) အဆင့်ဆင့်သော မြို့နယ်နှင့်မြို့ကော်မတီများအတွက် သင့်လျော်သည့် ရုံးခန်း၊ ရုံးသုံးပရိဘောဂ နှင့် ဝန်ထမ်းများကို သက်ဆိုင်ရာအမှုဆောင်အရာရှိက စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) ကော်မတီအစည်းအဝေးများတွင် ကော်မတီလုပ်ငန်းကိစ္စပြောဆိုဆွေးနွေးမှုများနှင့်ပတ်သက်၍ ရာဇဝတ်ကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆို ခံပိုင်ခွင့် မရှိစေရ။

(ဃ) အဆင့်ဆင့်သောကော်မတီများ၏ ဥက္ကဋ္ဌများနှင့်ကော်မတီဝင်များကို ကော်မတီ လုပ်ငန်း ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုရမည့်အကြောင်းပေါ်ပေါက်ပါက အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

## အခန်း(၅)

## စည်ပင်သာယာရေးဌာနများဖွဲ့စည်းခြင်း

၁၂။ ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး အတွင်း စည်ပင်သာယာရေးဌာနများကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်းများအား ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဌာနကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ပြောင်းလဲခြင်း ပြုနိုင်သည် ။

(ခ) မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြို့နယ်များ သို့မဟုတ် မြို့များကိုစုစည်း၍ဖြစ်စေ စည်ပင်သာယာရေးဌာနကို ဖွဲ့စည်းခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းပြုနိုင်သည် ။

(ဂ) ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းရာတွင် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့များ သို့မဟုတ် မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိသော ဒေသများ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုး တိုးတက်နေသော ကျေးရွာများ၌ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက် ရန် မြို့စည်ပင်သာယာရေး နယ်နိမိတ်ကို ပြင်ဆင်တိုးချဲ့သတ်မှတ်နိုင်သည် ။

## အခန်း(၆)

## စည်ပင်သာယာရေးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်ပါတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း ။

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ခြင်း၊ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများနှင့်သက်ဆိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင် များကို ကာရံခြင်း၊ ပြုပြင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြေအောက်ရေထုတ်ယူသုံးစွဲခြင်း နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း ။

(ဂ) သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ခြင်း၊ သိမ်းဆည်းရရှိသည့်အမှိုက်များကို စနစ်တကျစုစည်းခြင်း၊ သတ်မှတ်ထားသည့် နေရာတွင်စုပုံခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်

ထိခိုက်မှု အနည်းဆုံးဖြစ်စေသောနည်းလမ်းဖြင့် ဖျက်ဆီးခြင်းကို နေ့စဉ်ဆောင်ရွက်ခြင်း။

(ဃ) မိလ္လာလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် မိလ္လာစွန့်ပစ်ရန်နေရာများကို စနစ်တကျ သတ်မှတ် ဆောင်ရွက်ခြင်း၊ အများသုံးသန့်စင်ခန်းများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ မိလ္လာများကို စနစ်တကျသိမ်းဆည်းသယ်ဆောင်၍ ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသောနည်းလမ်းဖြင့် ဖျက်ဆီးခြင်း။

(င) လမ်းဘေးရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ခြင်း။

(စ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများပြည်သူနှင့်သက်ဆိုင်သော လမ်းနှင့် နေရာများတွင် မီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဆ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်းနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း ။

(ဇ) ကုန်ပစ္စည်းရောင်းဝယ်ဖလှယ်မှုပြုရာတွင် အသုံးပြုသည့် အလေး၊ ချိန်ခွင်၊ အခြင် အတွယ်၊ အတိုင်းအတာများကို သတ်မှတ်စံနှုန်းအတိုင်း မှန်ကန်မှုရှိစေရန် စစ်ဆေး ကြပ်မတ်ခြင်း။

(ဈ) ခွင့်ပြုပြီးသောကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်များတွင် ခွင့်ပြုချက်အမှတ်အသား၊ အမှတ်စဉ် များကို ထင်ရှားစွာထည့်သွင်းဖော်ပြခြင်း။

(ည) ကျွဲ၊နွားပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း။

(ဋ) လမ်းဘေးဈေးဆိုင်များ ကြီးကြပ်ခြင်း။

(ဌ) အိမ်ဆိုင်များ၊ မုန့်ဖိုများ၊ စားသောက်ဆိုင်များ မှတ်ပုံတင်စေခြင်း၊ ကြီးကြပ်ခြင်း။

(ဍ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများနှင့်ပတ်သက်၍ အမျိုးအစားအလိုက် အဆင့်ခွဲခြား သတ်မှတ်ခြင်း၊ မှတ်ပုံတင်စေခြင်း၊ ကြီးကြပ်ခြင်း။

(ဎ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဏ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားအမျိုးအစားအလိုက် အမဲ(ကျွဲ၊နွား)သားသတ်ရုံ၊ ဝက်သားသတ်ရုံ၊ ဆိတ်သားသတ်ရုံ စသည်ဖြင့် သားသတ်ရုံမြေနေရာရွေးချယ် သတ်မှတ်ခြင်း၊ အသားရောင်းချမှုကို ကြီးကြပ်ခြင်း။

(တ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း။

(ထ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း။

(ဒ) အငှားယာဉ်များ စီမံခန့်ခွဲခြင်း။

(ဓ) စက်တပ်ယာဉ်ငယ်နှင့် ယာဉ်များအတွက် ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း။

(န) လမ်း၊ တံတားများတည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း ။

(ပ) စည်ပင်သာယာရေးအဖွဲ့ပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း။

(ဖ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့် ပြုခြင်း၊ အဆောက်အအုံများပြင်ဆင်ခွင့်ပြုခြင်း၊ ဆောက်လုပ်ပြီး သို့မဟုတ် ပြင်ဆင်ပြီး အဆောက်အအုံတွင် လူနေထိုင်ခွင့်ပြုခြင်း၊ မှတ်ပုံတင်စေခြင်း၊ ကြီးကြပ်ခြင်း။

(ဗ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများနှင့်သက်ဆိုင်သော အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် လမ်းများဖောက်လုပ်ရာတွင် မသန်စွမ်းသူများအတွက် လုံခြုံပြီး လွယ်ကူ အဆင်ပြေစွာ အသုံးပြုသွားလာနိုင်ရန် ထည့်သွင်းဆောက်လုပ်စေခြင်း၊ မှတ်ပုံတင်စေခြင်း၊ ကြီးကြပ်ခြင်း။

(ဘ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ဒေသတို့တွင် နယ်နိမိတ် ပိုင်းခြားသတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း၊မှတ်ပုံတင်စေခြင်း၊ ကြီးကြပ်ခြင်း၊ ဆောက်လုပ်ပြီး သို့မဟုတ် ပြင်ဆင်ပြီး အဆောက်အအုံတွင် လူနေထိုင်ခွင့်ပြုခြင်း ။

(မ) စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသောမြေပေါ်ရှိ ကျူးကျော်အိမ်များ၊ ကျူးကျော် အဆောက်အအုံများ၊ ကျူးကျော်ဆိုင်ခန်းများ၊ အိမ်ဥပစာရှေ့ ကျူးကျော်ခြင်းများ၊ ကျူးကျော် ရပ်ကွက်များ ဖျက်သိမ်းခြင်း ။

(ယ) တည်းခိုခန်းများ၊ ဘော်ဒါဆောင်များ၊ လုံးချင်း သို့မဟုတ် အခန်းလိုက်ငှားရမ်းသော အဆောက် အအုံများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများ စစ်ဆေးခြင်း။

(ရ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အိမ်မွေးတိရစ္ဆာန်များ မွေးမြူခြင်းကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း။

(လ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်း စီမံခန့်ခွဲခြင်း ။

(ဝ) လေလွင့်သွားလာနေသော ရူးသွပ်သူနှင့် တောင်းရမ်းစားသူများကို သက်ဆိုင်ရာသို့ အပ်နှံခြင်း။

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်းကိုခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း ။

(ဟ) သုသာန်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုလ်စက်များတည်ထောင်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း။

(ဠ) အများပြည်သူအကျိုးပြုနေရာဌာနများဖြစ်သည့် အစိုးရစာသင်ကျောင်းများ၊ ပြည်သူ့စာကြည့်တိုက်များ၊ ပန်းခြံနှင့်ကစားကွင်းများ၊ အများပြည်သူများ အခမဲ့အသုံးပြုနိုင်သည့် ဇရပ်များ၊ ဘုရားဝတ်ပြုရန် သီးသန့်သတ်မှတ်ထားသောနေရာများ၊ သုသာန်မြေများ၏ အမှိုက်နှင့်မိလ္လာများကို အခမဲ့သိမ်းဆည်းသယ်ယူဖျက်ဆီးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(အ) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၄။ စည်ပင်သာယာရေးဌာနသည် ကော်မတီ၏လမ်းညွှန်မှု၊ ကြီးကြပ်ကွပ်ကဲမှုဖြင့် အောက်ပါ လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်သည် -

(က) စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော စည်းကမ်း(မူကြမ်း)များ၊ အမိန့်ကြော်ငြာစာ(မူကြမ်း)များရေးဆွဲ၍ အများပြည်သူ သိရှိစေရန် လုံလောက်သော အချိန်ကာလသတ်မှတ်၍ သတင်းမီဒီယာများ၊ ဒေသတွင်း အသံလွှင့်ဌာနများမှ ကြေညာခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ကြော်ငြာဆိုင်းဘုတ်များဖြင့် ကြေညာခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ ကန့်ကွက်မည့်သူ မရှိပါက ကော်မတီသို့တင်ပြပြီး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အထောက်အထားဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဌာနမှတစ်ဆင့် ဝန်ကြီးထံသို့ တင်ပြအတည်ပြုချက် ရယူ ဆောင်ရွက်ခြင်း။

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများနှင့်သက်ဆိုင်သော အခွန်၊ အခ၊ အကောက်နှုန်းထားများ သတ်မှတ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်သတ်မှတ်ခြင်းများအား အများပြည်သူသိရှိရန် ကြေညာ၍ ကန့်ကွက်မည့်သူမရှိပါက ကော်မတီသို့တင်ပြပြီး၊ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဌာနမှတစ်ဆင့် ဝန်ကြီးထံသို့ တင်ပြအတည်ပြုချက် ရယူ ဆောင်ရွက်ခြင်း။

(ဂ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း ။

(ဃ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီစစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးဌာနသို့ တင်ပြခြင်း ။

(င) စည်ပင်သာယာရေးအဖွဲ့ပိုင်အဆောက်အအုံနှင့် မြေများကို ထိန်းသိမ်းခြင်း၊ ငှားရမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်သော ငှားရမ်းသူများအား ဖယ်ရှားခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း ။

(စ) စည်ပင်သာယာရေးဌာနသည် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက လူနေထိုင်ရန် သင့်၊ မသင့် စိစစ်၍ ပြုပြင်ဆောင်ရွက်ရန် အားနည်းချက်များ၊ ခွင့်ပြုချက်မဲ့သော ဆောင်ရွက်ခြင်းများ တွေ့ရှိပါက ပြုပြင်ဆောင်ရွက်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ လူနေထိုင်ရန် သင့်လျော်မှုရှိပါက ၎င်းအဆောက်အအုံတွင် လူနေထိုင်ခွင့်အား အမှုဆောင်အရာရှိက အဆောက်အအုံပိုင်ရှင်ထံသို့ ခွင့်ပြုမိန့်ထုတ်ပေးခြင်း ။

(ဆ) စည်ပင်သာယာရေးဌာနသည် အသားအမျိုးအစားအလိုက် အမဲ(ကျွဲ၊နွား)သားသတ်ရုံ၊ ဝက်သားသတ်ရုံ၊ ဆိတ်သားသတ်ရုံများအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံ မြေနေရာသတ်မှတ်ဆောင်ရွက်ရေး သက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ သားသတ်ရုံနေရာများအား စစ်ဆေး ကြီးကြပ်ခြင်း ။

(ဇ) နေ့စဉ်အမှိုက်သိမ်းခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော အမှိုက်ပမာဏ များပြားသည်နှင့်အမျှ အမှိုက်စွန့်ပစ်ရန်လုံလောက်သော အကျယ်အဝန်းရှိသည့်နေရာအား ပတ်ဝန်းကျင်ကို မထိခိုက်စေရန် သတ်မှတ်ဆောင်ရွက်ရေး သက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း ။

(ဈ) မိလ္လာစွန့်ပစ်ရန်နေရာကို ပတ်ဝန်းကျင်အား အနှောင့်အယှက်မဖြစ်စေသော လုံလောက်သည့် မြေနေရာအကျယ်အဝန်းရရှိရေးနှင့် ယင်းနေရာအား စည်ပင်သာယာရေးအဖွဲ့

အမည်ပေါက် တရားဝင်အထောက်အထား ခိုင်မာစွာသတ်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာနယ်မြေ အုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း ။

(ည) အဆောက်အအုံတစ်ခုသည် ဟောင်းနွမ်းပျက်စီး၍ လူနေထိုင်ရန်မသင့်လျော်သည့် အန္တရာယ်ရှိစေနိုင်သည်ဟု ထင်မြင်ယူဆပါက သို့မဟုတ် တစ်ဦးတစ်ယောက်က တင်ပြလာပါက စည်ပင်သာယာရေးအဖွဲ့မှစစ်ဆေးပြီး အထောက်အထားခိုင်လုံပါက အန္တရာယ်ရှိစေသော အဆောက်အအုံအဖြစ် သတ်မှတ်ကြေညာ၍ အဆောက်အအုံတွင် နေထိုင်သူများအား ရွှေ့ပြောင်းစေခြင်း၊ ထိုအဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊ ဖျက်သိမ်းခြင်း ။

## အခန်း(၇)

## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့အသွင်ဖွံ့ဖြိုးတိုးတက်နေသောကျေးရွာစည်ပင်သာယာရေး နယ်နိမိတ်တွင်ဖြစ်စေ၊ အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့် မြေခွန် ။

(ခ) ရေခွန်၊ မီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အမှိုက်သိမ်းဆည်းခ။

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများနှင့် အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန် ။

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ မြို့နယ်ကျော်ဖြတ်သန်းသွားသော လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန် ။

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ ။

၁၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါလုပ်ငန်းများအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည် -

(က) ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့်မြေခွန်ကိုစည်းကြပ်ရာတွင် နှစ်စဉ်စံငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန် ။

(ခ) ရေခွန်၊ မီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အမှိုက်သိမ်းဆည်းခများ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန် ။

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန် ။

(ဃ) အဆောက်အအုံနှင့် မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ရေခွန်၊ မီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အမှိုက်သိမ်းဆည်းခကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန် ။

(င) ပြည်ထောင်စုအစိုးရကဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရကဖြစ်စေ စီမံခန့်ခွဲသော အဆောက် အအုံနှင့်မြေခွန်ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံမှ နှစ်စဉ် စံငှားရမ်းခတန်ဖိုး၏ ၅ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန် ။

၁၇။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏သဘောထားရယူ၍ အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ မီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အမှိုက်သိမ်းဆည်းခများ စည်းကြပ်ကောက်ခံရန် အဆောက်အအုံ၏ နှစ်စဉ်စံငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၈။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏သဘောထားရယူ၍ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ၊ ပွဲရုံများတည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၉။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏သဘောထားရယူ၍ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သောအခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း ။

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးဆောင်ပြီးသော အခွန်ကို ပြန်လည်ထုတ်ပေးခြင်း ။

၂၀။ အမှုဆောင်အရာရှိသည် ပစ္စည်းခွန်၊ ဘီးခွန်အပါအဝင် အခွန်ကြွေးကျန်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း။

(ခ) ပုဒ်မခွဲ(က)ပါကိစ္စရပ်များဆောင်ရွက်ရန်အလို့ငှာ ဤဥပဒေအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၈)

## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၂၁။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ အဆောက်အအုံ၊ မြေတို့ နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်း ထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း ။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံ၊ တံတား စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ၊ ခြံစည်းရိုးကိုဖြစ်စေ၊ ဆောက်လုပ်ဆဲ အဆောက်အအုံ ခြံစည်းရိုးကိုဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊ ဖျက်သိမ်းစေခြင်း ။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတား၊ ရေထုတ်ပြွန်၊ ရေကျော် တည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်း၊ ခြံစည်းရိုး၊ လမ်းဘေးဈေးဆိုင်၊ မလွတ်ကင်းသော သစ်ပင်ကို ဖယ်ရှားစေခြင်း။

(ဃ) ပြိုပျက်မည့်အခြေအနေကြောင့် အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် မြို့အင်္ဂါရပ်နှင့်မညီညွတ်သည့် သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း။

(င) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း။

(စ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သို့မဟုတ် မြို့ရွာသန့်ရှင်း သာယာလှပရေးကိုထိခိုက်သည့် ခြံဝန်းအတွင်းရှိ သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်း စေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရန် စီမံဆောင်ရွက်စေခြင်း။

၂၂။ ပုဒ်မ ၂၁ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ(စ)တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှတောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့် ရှိသည်။

၂၃။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ ရေတွင်း၊ရေကန်၊ ရေမြောင်း၊ မိလ္လာ အညစ်အကြေးတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ပြုပြင်စေခြင်း။

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း။

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းအားလည်းကောင်း၊ တစ်စုံတစ်ဦး၏ အိမ်ခြံမြေအတွင်းသို့ လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပစ္စည်းတစ်စုံတစ်ရာအားလည်းကောင်း၊ (ဥပမာ-သောက်ရေအိုးစင်၊ အများပြည်သူ နားနေရန်ခုံတန်းလျား စသည့်) ထိခိုက်ပျက်စီးခြင်း မရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ အုတ်ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း ။

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ၊ နေအိမ်အခန်းတွဲများတို့မှ ရေဆိုးများအား ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရန်နှင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊ ရေစီးရေလာကောင်းမွန်ရန် မြေကိုပြုပြင်စေခြင်း ။

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ၊ နေအိမ်အခန်းတွဲများနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊ အနံ့အသက် မရှိအောင်ဆောင်ရွက်စေခြင်း၊ မိလ္လာများစွန့်ပစ်ရန်လိုအပ်ပါက မြို့နယ်စည်ပင်သာယာရေးဌာနတွင် ရေပုပ်စုပ်ယာဉ်ငှားရမ်း၍ စနစ်တကျစွန့်ပစ်စေခြင်း ။

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ပတ်ဝန်းကျင်အားအနှောင့်အယှက်ဖြစ်စေနိုင်သည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း ။

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုစေခြင်း ။

(ဇ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်သည့် သင့်လျော်သောလျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း။

၂၄။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးနယ်နိမိတ် အတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန်၊ အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့် အနံ့ဆိုးထွက်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိစေခြင်း၊ အဖွဲ့မှ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စနစ်တကျစွန့်ပစ်စေခြင်း၊ စီးပွားရေးလုပ်ငန်းမှ ထွက်ရှိသည့်အမှိုက်များအား သီးခြားအစီအစဉ်ဖြင့်စွန့်ပစ်ရန် လိုအပ်သလို ညွှန်ကြားစေခြင်း၊ ဌာနမှသိမ်းဆည်းပေးရပါက စီးပွားရေးအမှိုက်သိမ်းဆည်းခငွေအဖြစ် ဌာနသို့ ပေးသွင်းစေခြင်း။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို မှတ်ပုံတင်စေခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့်လုပ်ငန်းများအား အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း ။

(ဂ) ဧည့်ဂေဟာ သို့မဟုတ် တည်းခိုခန်း သို့မဟုတ် အင်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် လုံးချင်း သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း ။

(ဃ) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံ ပွဲခင်းမြေနေရာတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရန် လည်းကောင်း၊ လုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊ ကျင်းပပြီးစီးပါက ပတ်ဝန်းကျင်သန့်ရှင်းရေးအား အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

စေခြင်း၊ ဌာနမှ သိမ်းဆည်း ပေးရပါက အမှိုက်နှင့်အညစ်အကြေးသိမ်းဆည်းခ ငွေအဖြစ် ဌာနသို့ပေးသွင်းစေခြင်း။

(င) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ၊ စားသောက်ဖွယ်ရာများ ပြုပြင်ထုတ်လုပ်သောလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် ထိခိုက်စေနိုင်လျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲ နေစေခြင်း သို့မဟုတ် ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ပိတ်သိမ်းစေခြင်း။

၂၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊ ရပ်ဆိုင်းစေခြင်း။

(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

(ဂ) ဖျက်သိမ်းရှင်းလင်းပြီး သုသာန်မြေအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံခြင်း၊ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခြားနည်းအသုံးပြုခွင့် ပြန်လည်လျှောက်ထားစေခြင်း။

(ဃ) သုသာန်မြေကို အသစ်သတ်မှတ်ခြင်း။

## အခန်း(၉)

## တင်ဒါနှင့်လေလံဆိုင်ရာကိစ္စရပ်များ စီမံခန့်ခွဲခြင်း

၂၆။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ကြီးကြပ်မှုဖြင့် တင်ဒါနှင့်လေလံဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) တင်ဒါနှင့်လေလံဆိုင်ရာကိစ္စရပ်များအား ပွင့်လင်းမြင်သာမှုရှိစေရန် အများပြည်သူသိရှိစေရန် အနည်းဆုံး(၃၀)ရက်ကြိုတင်၍ သတင်းမီဒီယာများ၊ ဒေသတွင်းအသံလွှင့်ဌာနများမှ ကြေညာခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် ကြော်ငြာဆိုင်းဘုတ်များဖြင့် ကြေညာခြင်း၊ အသံချဲ့စက်ဖြင့်ကြေညာခြင်း။

(ခ) တင်ဒါနှင့်လေလံဆိုင်ရာ အထွေထွေစည်းကမ်းချက်များရေးဆွဲ၍ ညွှန်ကြားရေးမှူးမှတဆင့် ဝန်ကြီးထံတင်ပြပြီး အတည်ပြုချက်ရယူခြင်း။

(ဂ) တင်ဒါနှင့်လေလံဆိုင်ရာ အထွေထွေစည်းကမ်းချက်များအား ဖောက်ဖျက် ကျူးလွန်ပါ က ကျူးလွန်သူကို တည်ဆဲဥပဒေအရ အရေးယူရမည့်အပြင် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက အမည်ပျက်စာရင်းထည့်သွင်းကြေညာခြင်း။

## အခန်း(၁၀)

## အနေ့းယာဉ်များစီမံခန့်ခွဲခြင်း

၂၇။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ကြီးကြပ်မှုဖြင့် အနေ့းယာဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အနေ့းယာဉ်အမျိုးအစားအလိုက် စည်းကမ်းများရေးဆွဲ၍ ဝန်ကြီးထံတင်ပြခြင်း။

(ခ) အနေ့းယာဉ်တည်ထောင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

(ဂ) အနေ့းယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း။

(ဃ) အနေ့းယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

(င) အနေ့းယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

(စ) အနေ့းယာဉ် ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတခြင်း။

(ဆ) အနေ့းယာဉ်မဝင်ရလမ်းနှင့် မရပ်ရနေရာများ သတ်မှတ်ပေးခြင်း၊ ပြင်ဆင်သတ်မှတခြင်း။

၂၈။ မြို့နယ်စည်ပင်သာယာရေးဌာနက ထုတ်ပေးသောလိုင်စင်ရရှိသူသာ အနေ့းယာဉ်တည်ထောင်ခွင့် ရှိသည်။

၂၉။ မြို့နယ်စည်ပင်သာယာရေးဌာနကထုတ်ပေးသော လိုင်စင်ရရှိသူသာ အနေ့းယာဉ်မောင်းခွင့်ရှိသည်။

၃၀။ အနေ့းယာဉ်ပိုင်ရှင်နှင့် အနေ့းယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၁၁)

## စက်တပ်ယာဉ်ငယ်၊ ယာဉ်များနှင့် ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲခြင်း

၃၁။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်နှင့် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း စက်တပ်ယာဉ်ငယ်၊ ယာဉ်များ၊ ယာဉ်ရပ်နားစခန်းများနှင့် ပတ်သက်၍ သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျရှိစေရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ယာဉ်ရပ်နားစခန်းများဆိုင်ရာ စည်းကမ်းများရေးဆွဲခြင်း၊ အခွန်အခများ စည်းကြပ်ကောက်ခံခြင်း။

(ခ) စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်အမျိုးအစားအလိုက် ရပ်နားနိုင်သည့် ယာဉ်ရပ်နား စခန်းများအား ဤဥပဒေအရ ရေးဆွဲထားသော စည်းကမ်းများနှင့်အညီ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ခြင်း။

(ဂ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် သို့မဟုတ် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း (၃)တန်အထက်ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင်နောက်တွဲယာဉ်များ ညအိပ်ရပ်နားမည့် နေရာကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း။

(ဃ) လမ်းပိတ်ဆို့မှုများမဖြစ်စေရန်နှင့် ယာဉ်ထိခိုက်မှုအန္တရာယ် ကာကွယ်တားဆီးနိုင်ရန် (၃)တန်အထက်ယာဉ်များ၊ နောက်တွဲယာဉ်များ၊ စက်တပ်ယာဉ်ငယ်များ မဝင်ရလမ်းနှင့် မရပ်ရနေရာများ သတ်မှတ်ပေးခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ။

(င) ကုန်တင်ယာဉ် ရပ်နားစခန်းများကို လိုအပ်သလို တည်ဆောက်ဖွင့်လှစ်ခြင်း ။

(စ) ခရီးသည်တင်ယာဉ် ရပ်နားစခန်းများကို လိုအပ်သလို တည်ဆောက်ဖွင့်လှစ်ခြင်း ။

(ဆ) ခရီးသည် အတင်အချပြုလုပ်သည့် မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် စက်တပ်ယာဉ်ငယ်နှင့် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း။

၃၂။ မြို့နယ်စည်ပင်သာယာရေးဌာနသည် ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများနှင့်သက်ဆိုင်သောနေရာများတွင် ယာဉ်ရပ်နားရန်နေရာများ သတ်မှတ်ခြင်း၊ ပုဂ္ဂလိက ယာဉ်ရပ်နားကွင်းများ တည်ထောင်ခြင်းကိုခွင့်ပြုခြင်း၊ တားမြစ်ခြင်း၊ မှတ်ပုံတင်စေခြင်း၊ ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း(၁၂)

## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၃၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းများ ကြီးကြပ်ရန် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း ။

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ။

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း ။

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း ။

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း ။

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်း လိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း ။

(ဆ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း ။

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များနှင့် ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း ။

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့် ပေးခြင်း ။

၃၄။ ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်(၂)ခု သို့မဟုတ် (၂)ခုထက် ပိုသော မြို့နယ်များနှင့်ဆက်စပ်နေသော မြို့များနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း ။

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း ။

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း ။

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း ။

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း ။

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်း လိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း ။

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း ။

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များနှင့် ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း ။

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့် ပေးခြင်း ။

(ည) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့သို့ ကူးတို့ လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း ။

(ဋ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထား ခြင်း။

၃၅။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း ။

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း ။

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင် ရေးအတွက် အစီအစဉ်များပြုလုပ်စေခြင်း ။

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည် ရောင်းချခြင်း။

၃၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိသည်။

၃၇။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည်ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၈။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်း သို့မဟုတ် ကူးတို့လုပ်ငန်းဝင်ငွေများအချိုးကျခွဲဝေပေးခြင်းများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဆက်စပ်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းဆုံးဖြတ်ရမည်။ ထိုအငြင်းပွားမှုကို ညှိနှိုင်းဆောင်ရွက်ရာတွင် ပြေလည်မှုမရရှိပါက ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၄၀။ ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ သို့မဟုတ် ပုဒ်မ ၃၈ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့ လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၄၁။ (က) ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၄၀ အရ ကြီးကြပ်သူချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၃)

## သားသတ်လုပ်ငန်းများစီမံခန့်ခွဲခြင်း

၄၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင်သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်း၊ ကြက်၊ ဘဲ၊ ငါး၊ ပုစွန် တို့ကို သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၄၃။ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သားသတ်လုပ်ငန်းတစ်မျိုးချင်းစီအလိုက် ဈေးပြိုင်စနစ်ဖြင့် လုပ်ငန်းလိုင်စင်ချထားပေးရာတွင် အနည်းဆုံး (၂)ဦးထက်မနည်း ချထားပေးရမည်။ လုပ်ငန်းတစ်မျိုးချင်းစီအလိုက် လိုင်စင်ဆွဲဝယ်သူ တစ်ဦးနှင့်တစ်ဦးသည် တစ်နည်းနည်းအားဖြင့် အကျိုးတူစီးပွားဘက်များ မဖြစ်စေရ။

၄၄။ ကျေးလက်ဒေသများတွင် အလှူ၊ သာရေး၊ နာရေးကိစ္စများအတွက် တစ်ပိုင်တစ်နိုင် မွေးမြူ ထားသော ဝက်၊ ဆိတ် သတ်ခြင်းကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံ တင်ပြဆောင်ရွက်နိုင်သည်။ သို့သော် အသားများအား ပြင်ပသို့ ဝေငှခြင်း၊ ရောင်းချခြင်း မပြုရ။

၄၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသ တွင်မဆို အစ္စလာမ်ဘာသာဝင်တို့၏ ဘက္ကရီအစ်ပွဲအတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို ပြည်ထဲ ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူးသည် ကျွဲ၊ နွား တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ ဤဥပဒေအရ လုပ်ငန်းလိုင်စင်ရရှိသူသာလျှင် သတ်မှတ်ချက်များနှင့်အညီ-

(က) ကျွဲ၊နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည် ။

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သား ရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်။

## အခန်း(၁၄)

## ကြီးကြပ်ခြင်း

၄၈။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့စည်ပင်သာယာရေးအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည်။

၄၉။ ဝန်ကြီးသည် ဝန်ထမ်းများ ပြည်တွင်း၊ပြည်ပသင်တန်းတက်ရောက်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း၊ ဝန်ထမ်းခန့်ထားခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း စသည့်ဝန်ထမ်းရေးရာကိစ္စရပ်များအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ဖြင့် အတည်ပြုချက် ရယူဆောင်ရွက်ရမည်။

၅၀။ ညွှန်ကြားရေးမှူးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ နှစ်စဉ် အရ၊ အသုံး ခန့်မှန်းခြေ ငွေစာရင်း နှင့်စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၏ အတည်ပြုချက်ရယူကာ ဝန်ကြီးမှတဆင့် ဝန်ကြီးချုပ် သို့မဟုတ် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက် ရမည်။

၅၁။ တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီသည် မြို့နယ်၊ မြို့၊ မြို့ပြ၊ ဒေသနှင့် မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေသောကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၅၂။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ၏ သဘောတူညီချက်ရယူပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ် အရ၊ အသုံး ခန့်မှန်းခြေ ငွေစာရင်း၊ နှစ်တို၊ နှစ်ရှည် စီမံကိန်းများကိုစိစစ်၍ ဝန်ကြီးထံသို့တင်ပြပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်း ။

(ခ) အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးကခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း ။

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း ။

(င) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့်မညီညွတ်သော ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း။

## အခန်း(၁၅)

## အယူခံဝင်ခြင်း

၅၃။ ပုဒ်မ ၁၇၊ ပုဒ်မ ၂၁ (ဂ) (င)၊ ပုဒ်မ ၂၃ (ဂ) (ဃ) (ဆ) (ဇ)၊ ပုဒ်မ ၂၄ (ခ) (င)၊ ပုဒ်မ ၂၅ (က) တို့အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ချမှတ်သည့်ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၅၄။ ပုဒ်မ ၅၃ အရ ညွှန်ကြားရေးမှူးကချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၅၅။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ။

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၆)

## ဘဏ္ဍာရေး

၅၆။ မြို့နယ်ကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ် အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ခ) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၉၀) အတွင်း ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၅၇။ မြို့နယ်စည်ပင်သာယာရေးဌာနသည် အစိုးရအဖွဲ့၏ ဘဏ္ဍာငွေ အရ၊ အသုံးဆိုင်ရာဥပဒေနှင့်အညီ ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ကောက်ခံခြင်း၊ သုံးစွဲခြင်းပြုရမည်။

၅၈။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့၏ အရ၊ အသုံး ခန့်မှန်းခြေငွေစာရင်းကို အတည်ပြုရမည်။

## အခန်း(၁၇)

## ဝန်ထမ်းဖွဲ့စည်းပုံ

၅၉။ ဝန်ကြီးသည် စည်ပင်သာယာရေးဌာန၏ လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများ ပြုနိုင်သည်။

၆၀။ ဝန်ကြီးသည် ဝန်ထမ်းများခန့်ထားရာတွင် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တည်ဆဲ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များ နှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ရန် အမှုဆောင်အရာရှိ အား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၆၁။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် စည်းကမ်း ထိန်းသိမ်းရေးဝန်ထမ်းများ ထည့်သွင်းခန့်ထားရမည်။ မိမိတိုင်းဒေသကြီးအဆင့်မှ ခန့်ထားနိုင်သည့် ဝန်ထမ်းနေရာများတွင် အခြားဝန်ကြီးဌာနရှိဝန်ထမ်းများကိုလည်း အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် လွှဲ ပြောင်းရယူခန့်ထားနိုင်သည်။ လိုအပ်ပါက ပညာရှင်များကိုလည်း ခန့်ထားနိုင်သည်။

၆၂။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဝန်ထမ်းအတွက် လစာကုန်ကျစရိတ်အား မြို့နယ်၏ နှစ်စဉ်ရရှိသောဝင်ငွေ၏ သင့်လျော်သောရာခိုင်နှုန်းကို သတ်မှတ်နိုင်သည် ။

## အခန်း(၁၈)

## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၃။ ဝန်ကြီးသည် ငွေစာရင်းများကို အမှုဆောင်အရာရှိက စနစ်တကျထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိစေရမည်။

၆၄။ အမှုဆောင်အရာရှိသည် အဖွဲ့တွင်ထိန်းသိမ်းထားရှိသည့်စာရင်းများကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း(၁၉)

## တားမြစ်ချက်များ

၆၅။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အများပြည်သူနှင့်သက်ဆိုင်သော မြေ၊ မြေလွတ်၊ မြေကွက်လပ်၊ ပန်းခြံ၊ အားကစားကွင်း၊ လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည့်တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ နေထိုင်ခြင်း၊ ဝင်းခြံခတ်ခြင်း မပြုရ။

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ရေမြောင်း၊ ရေပိုက်၊မိလ္လာပိုက် တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရ ။

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်နှင့် ပုဂ္ဂလိကပိုင်မြေအတွင်း၌ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သို့မဟုတ် အဖွဲ့၏ အစီအစဉ်ဖြင့် ပြုလုပ်ထားသော ကြော်ငြာဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်များအား မူလအနေအထား တစ်စုံတစ်ရာကိုမျှ ထိခိုက်ပျက်စီးမှုရှိအောင် မပြုလုပ်ရ ။

(ဃ) အဖွဲ့ပိုင်ဈေး၊ ခြံစည်းရိုး၊ သစ်ပင်၊ လမ်းနယ်နိမိတ်၊ လမ်း၊ လမ်းနယ်နိမိတ်မှ လွတ်ကင်းသော်လည်း အများနှင့်သက်ဆိုင်သည့် မြေလွတ်၊ မြေကွက်လပ် စသည့် နေရာများတွင် ကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ တပ်ဆင်ခြင်း မပြုရ ။

၆၆။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်၊ မြို့စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်း မပြုရ။

(ခ) လမ်း၊ လမ်းနှင့်ရေစီးရေလာမြောင်းများအကြား၊ လမ်းနယ်နိမိတ်၊ လမ်းဘေးရှိ ရေစီးရေလာ မြောင်းများတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ပိတ်ဆို့စေခြင်း၊ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုဖြင့် ပိတ်ဆို့၍ခင်းကျင်းခြင်း၊ ဈေးရောင်းချခြင်းမပြုရ ။

(ဂ) မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများအား ဖျက်ဆီးခြင်းမပြုရ။

(ဃ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး၊ ရေဆိုးရေပုပ် စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ် မပေးထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ ။

(င) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရ ။

(စ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်ပေါ်တွင် ရေစီးရေလာပိတ်ဆို့မှု ဖြစ်စေမည့် လမ်းအထက်မြှင့်၍ လမ်းခင်းခြင်းမပြုရ။

(ဆ) ဝင်ထွက်နိုင်သောလမ်း မရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရ။

၆၇။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံ တစ်ခုခုကိုဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းမပြုရ ။

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကို ရယူသုံးစွဲခြင်းမပြုရ ။

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်း မပြုရ ။

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ အပန်းဖြေနေရာကိုဖြစ်စေ၊ ရေကူးကန်ကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ ။

၆၈။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းနှင့်လမ်းနယ်နိမိတ်တွင် စက်ရေတွင်းတူးခြင်း၊ မြေအောက်ရေကို တစ်နည်းနည်းဖြင့် ရယူသုံးစွဲခြင်း မပြုရ။

၆၉။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်သည့် ရပ်ရွာဓလေ့ထုံးစံထက် ကာလကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း မပြုရ ။

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို ၁၂နာရီထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုလ်ဘဲထားခြင်း မပြုရ ။

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်း၊ ဂူသွင်းခြင်း မပြုရ ။

၇၀။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော ဘော်ဒါဆောင် သို့မဟုတ် အဆောက်အအုံ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ ။

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ ။

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်း၊ စားကုန်ပစ္စည်းများထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ ။

၇၁။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင်-

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ ။

(ခ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့် သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ ။

၇၂။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) တိရစ္ဆာန်များထားရှိခြင်း၊ လက်ခံခြင်း၊ မွေးမြူခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း မပြုရ။

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ ။

၇၃။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) ပုဂ္ဂလိကပိုင်ဈေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်း မပြုရ ။

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း မပြုရ။

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ ။

(ဃ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ ။

(င) ရေခဲနှင့်အချိုရည်စက်ရုံများ၊ အခြားစက်ရုံ၊ အလုပ်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ ။

(ဆ) အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၇၄။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန်ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း မပြုရ ။

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စာချုပ် ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်း တစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်နွယ်နေသည့်လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ ။

## အခန်း(၂၀)

## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၇၅။ အမှုဆောင်အရာရှိသည် ကော်မတီ၏သဘောတူညီမှုဖြင့် ပုဒ်မ ၇၉ တွင်ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၇၆။ အမှုဆောင်အရာရှိသည် ကော်မတီ၏သဘောတူညီမှုဖြင့် ပုဒ်မ ၃၁ (ဂ) (ဃ) (ဆ)နှင့် ပုဒ်မ ၇၅ တွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံးကျပ် ၅၀၀၀(ကျပ်ငါးထောင်)မှ အများဆုံး ကျပ် ၁၀၀၀၀(ကျပ်တစ်သောင်း)ထိ ချမှတ်နိုင်သည်။ ဒုတိယအကြိမ် ထပ်မံကျူးလွန်သူအား ပုဒ်မ ၇၉ အရ တရားစွဲဆိုရမည်။

၇၇။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ်ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်လျှင်လည်းကောင်း၊ ဒဏ်ကြေးငွေပေးဆောင်ပြီးသော်လည်း ဆက်လက်ကျူးလွန်နေလျှင်လည်းကောင်း ပုဒ်မ ၇၉ အရ တရားစွဲဆိုခွင့် ရှိစေရမည်။

၇၈။ ဝန်ကြီးသည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်သည်။

## အခန်း(၂၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၉။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)ထိ ချမှတ်ခြင်းခံရမည်။ ဒဏ်ငွေဆောင်ရန် ပျက်ကွက်ပါက ထောင်ဒဏ် တစ်လထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၃ (ဋ) | အိမ်ဆိုင်၊ မုန့်ဖို၊ စားသောက်ဆိုင်များ မှတ်ပုံတင်ခြင်း။ |
| ၁၃ (ဍ) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ မှတ်ပုံတင်ခြင်း။ |
| ၁၅ (ခ) | ရေခွန်၊မီးခွန်၊ အမှိုက်ခွန်နှင့် အညစ်အကြေးခွန်၊ အမှိုက်သိမ်းဆည်းခ ပေးဆောင်ခြင်း။ |
| ၁၅ (ဂ) | ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများနှင့် အခြား တိရစ္ဆာန်များ အပေါ် ကောက်ခံသည့်အခွန်ပေးဆောင်ခြင်း ။ |
| ၁၅ (ဃ) | ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ မြို့နယ်ကျော်ဖြတ်သန်းသွားသော လူစီးနှင့် ဝန်တင် တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်ပေးဆောင်ခြင်း။ |
| ၂၁ (င) | ဝင်းခြံခတ်ခြင်း၊ ဝင်းခြံပြုပြင်ခြင်း။ |
| ၂၁ (စ) | သစ်ပင်၊ချုံပင်များကိုရှင်းလင်းခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့ခြင်း ။ |
| ၂၃ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံခြင်း၊ ပြုပြင်ခြင်း။ |
| ၂၃ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကိုဆေးကြော ပြုပြင်ခြင်း၊ ရေဖြည့် ဖုံးအုပ်ခြင်း ။ |
| ၂၃ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားခြင်း၊ ဖျက်သိမ်းခြင်း၊ ပြုပြင်ခြင်း ။ |
| ၂၃ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့်မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်ကဆောင်ရွက်ခွင့်ပြုခြင်း ။ |

| ပုဒ်မ၊ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၂၄ (က) | အမှိုက်များစွန့်ပစ်ရန်အမှိုက်ပုံး၊ အမှိုက်အိတ်များ ထားရှိခြင်း၊ အဖွဲ့မှသတ်မှတ်သည့် နည်းလမ်းအတိုင်း စွန့်ပစ်ခြင်း ။ |
| ၂၄ (ဃ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုရမည့် အဆောက်အအုံ၊ ပွဲခင်းမြေနေရာကို သတ်မှတ် စည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်း ။ |
| ၂၈ | အနေးယာဉ်တည်ထောင်ခွင့်လိုင်စင်ရရှိသူသာ တည်ထောင်လုပ်ကိုင်ခြင်း ။ |
| ၂၉ | အနေးယာဉ်မောင်းလိုင်စင်ရရှိသူသာ အနေးယာဉ်မောင်းနှင်ခြင်း ။ |
| ၃၀ | အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့က သတ်မှတ်ထားသည့် စည်းကမ်း များကို လိုက်နာခြင်း ။ |
| ၆၆ (က) | လမ်းပေါ်တွင် ကစားခြင်း။ |
| ၆၆ (ဂ) | မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုများအား ဖျက်ဆီးခြင်း။ |
| ၆၆ (ဃ) | အမှိုက်၊ မိလ္လာအညစ်အကြေး ရေဆိုးရေပုပ်တို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ် မပေးထားသောနေရာတွင် စွန့်ပစ်ခြင်း ။ |
| ၆၆ (စ) | လမ်း၊ လမ်းနယ်နိမိတ်ပေါ်တွင် ရေစီးရေလာပိတ်ဆို့မှုဖြစ်စေမည့် လမ်းအထက်မြှင့်၍ လမ်းခင်းခြင်း ။ |
| ၆၇ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေး လုပ်ငန်းမှ ရေကို စည်းကမ်းများနှင့်ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်း ။ |
| ၇၂ (က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း။ |
| ၇၃ (ခ) | မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း။ |
| ၇၃ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါဇယား စာတိုင်(၂) ‘‘ **ပြဋ္ဌာန်းချက်အကျဉ်း** ’’ခေါင်းစဉ်အောက်ရှိ ဖော်ပြချက် များသည် သက်ဆိုင်ရာပုဒ်မ၊ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်ပါသည်။

၈၀။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်း) မှ အများဆုံး ကျပ် ၃၀၀၀၀၀(ကျပ်သုံးသိန်း) ထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ခြင်းခံရမည်-

| ပုဒ်မ၊ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၁၃ (ဖ) | ပုဂ္ဂလိကပိုင်အဆောက်အအုံများ မှတ်ပုံတင်ရန်ပျက်ကွက်ခြင်း။ |
| ၁၃ (ဘ) | ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ဆောက်လုပ်ထားသော စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပ၊ ဒေသရှိ ပုဂ္ဂလိကပိုင်အဆောက်အအုံများ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း။ |
| ၁၄ (ည) | အန္တရာယ်ရှိစေသော အအောက်အအုံအတွင်းနေထိုင်သူများအား ရွှေ့ပြောင်းစေခြင်း၊ အဆောက်အအုံကို ဖျက်သိမ်းစေခြင်း။ |
| ၁၅ (က) | အဆောက်အအုံနှင့်မြေခွန်ပေးဆောင်ရန်ပျက်ကွက်ခြင်း။ |
| ၁၅ (င) | စည်ပင်သာယာရေးဆိုင်ရာအခြားအခွန်အခများ ပေးဆောင်ရန်ပျက်ကွက်ခြင်း။ |
| ၂၁ (ဂ) | လမ်းတံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသောအဆောက်အအုံ၊ ခြံစည်းရိုး၊ ဈေးဆိုင်၊ သစ်ပင်တို့ကို ပြုပြင်စေခြင်း၊ ဖယ်ရှားစေခြင်း ။ |
| ၂၁ (ဃ) | အန္တရာယ်ရှိသောအဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူ များကို ဖယ်ရှားစေခြင်း။ |
| ၂၃ (ဂ) | စက်ရုံ၊အလုပ်ရုံ၊အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများ ပြည်သူ လမ်း၊ တစ်စုံတစ်ဦး၏ အိမ်ခြံမြေနှင့် အများပြည်သူနှင့် သက်ဆိုင်သည့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ အုတ်ရေမြောင်း တို့ကို ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း ။ |
| ၂၃ (င) | စက်ရုံ၊ အလုပ်ရုံ၊အဆောက်အအုံ၊နေအိမ်အခန်းတွဲတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊မိလ္လာပိုက်၊ မိလ္လာကန်တို့ကိုစီမံထားရှိစေခြင်း ။ |
| ၂၃ (ဓ) | မိလ္လာပိုက်၊ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေပေးစေခြင်း ။ |

| ပုဒ်မ၊ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၂၄ (ဂ) | ညှော်ဂေဟာ သို့မဟုတ် တည်းခိုခန်း သို့မဟုတ် အင်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် လုံးချင်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း ။ |
| ၂၅ (က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ ရပ်ဆိုင်းစေခြင်း။ |
| ၃၂ | ပုဂ္ဂလိကပိုင်ယာဉ်ရပ်နားကွင်း တည်ထောင်ခြင်း၊ မှတ်ပုံတင်ခြင်း။ |
| ၄၄ | သာရေး၊ နာရေးကိစ္စအတွက် ခွင့်ပြုချက်ရရှိထားသော အသားများကို ပြင်ပသို့ ဝေငှခြင်း၊ ရောင်းချခြင်း။ |
| ၆၅ (ခ) | လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင်ပိတ်ဆို့၍ ပစ္စည်းများဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရန် တားမြစ်ခြင်း ။ |
| ၆၅ (ဂ) | လမ်း၊ လမ်းနယ်နိမိတ်အတွင်း၌ အဖွဲ့၏ခွင့်ပြုချက်ဖြင့် သို့မဟုတ် အဖွဲ့၏ အစီအစဉ်ဖြင့် စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ် ၊သတိပေးဆိုင်းဘုတ်များအား မူလအနေအထား တစ်စုံတစ်ရာကိုမျှ ထိခိုက်ပျက်စီးမှုရှိအောင် မပြုလုပ်ရန် တားမြစ်ခြင်း ။ |
| ၆၅ (ဃ) | အဖွဲ့ပိုင်ဈေး၊ ခြံစည်းရိုး၊ သစ်ပင်၊ လမ်းနယ်နိမိတ်၊ လမ်း၊ လမ်းနယ်နိမိတ်မှ လွတ်ကင်းသော်လည်း အများနှင့်သက်ဆိုင်သည့် မြေလွတ်၊ မြေကွက်လပ်စသည့်နေရာများတွင် ကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ တပ်ဆင်ခြင်း မပြုရ ။ |
| ၆၆ (ခ) | လမ်းနှင့်လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်ပိတ်ဆို့၍ ပစ္စည်းများခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း ။ |
| ၆၇ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၇ (ဃ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၈ | လမ်းနှင့်လမ်းနယ်နိမိတ်တွင် စက်ရေတွင်းတူးခြင်း၊ မြေအောက်ရေကို တစ်နည်းနည်းဖြင့် ရယူခြင်း။ |

| ပုဒ်မ၊ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၆၉ (က) | လူသေအလောင်းကို သတ်မှတ်သည့် ရပ်ရွာဓလေ့ထုံးစံထက် ကာလ ကျော်လွန်၍ မထားရန် တားမြစ်ခြင်း ။ |
| ၆၉ (ခ) | ကူးစက်ရောဂါဖြင့် သေဆုံးသည့်လူသေအလောင်းကို ၁၂ နာရီထက် ကျော်လွန်၍ ထားခြင်းမပြုရန် တားမြစ်ခြင်း ။ |
| ၆၉ (ဂ) | သုသာန်မြေအဖြစ်သတ်မှတ်ထားသည့်နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်း၊ ဂူသွင်းခြင်း မပြုလုပ်ရန်တားမြစ်ခြင်း ။ |
| ၇၀ (က) | တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော ဘော်ဒါဆောင် ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း ။ |
| ၇၀ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့်ယိုမျိုးစုံစသည့် စားသောက်ကုန်ထုတ် လုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း ။ |
| ၇၃ (ဃ) | ကျွဲ၊ နွား ပွဲဈေးများတည်ထောင်ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း ။ |
| ၇၃ (စ) | အပေါင်ဆိုင်လုပ်ငန်းတည်ထောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း ။ |
| ၇၃ (ဆ) | အခြားပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ် ခြင်း မပြုရန်တားမြစ်ခြင်း ။ |

**ရှင်းလင်းချက်**။ အထက်ဖော်ပြပါဇယား စာတိုင်(၂) ‘‘ **ပြဋ္ဌာန်းချက်အကျဉ်း** ’’ခေါင်းစဉ် အောက်ရှိ ဖော်ပြချက် များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှု များအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များမဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်ပါသည်။

၈၁။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်း ကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက် ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံးတစ်လမှ အများဆုံး တစ်နှစ်ထိ ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀၀၀(ကျပ်ငါးသိန်း) မှ အများဆုံးကျပ် ၁၀၀၀၀၀၀(ကျပ်တစ်သန်း) ထိဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၂၁ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း။ |
| ၂၁ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားလမ်းစင်္ကြံ၊ တံတားပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ဆဲ ကိုဖယ်ရှားစေခြင်း၊ ဖျက်သိမ်းစေခြင်း။ |
| ၂၃ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ၊ နေအိမ်အခန်းတွဲတို့မှ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊ မြေကိုပြုပြင်စေခြင်း။ |
| ၂၄ (ခ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း။ |
| ၂၄ (င) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်း နေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်ခြင်း။ |
| ၂၅ (ခ) | အသုံးပြုရန်မသင့်သည့် သုဿာန်မြေကို ဖျက်သိမ်းစေခြင်း။ |
| ၆၅ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံကျူးကျော် ဆောက်လုပ်ခြင်း မပြုရန်တားမြစ်ခြင်း။ |
| ၆၆ (င) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၆ (ဆ) | ဝင်ထွက်နိုင်သောလမ်း မရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ် ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၇ (က) | အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း မပြုရန် တားမြစ်ခြင်း။ |
| ၇၀ (ခ) | စားသောက်ဆိုင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၇၁ (က) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန်တားမြစ်ခြင်း။ |
| ၇၁ (ခ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်ပတ်သက်သော ပစ္စည်းများရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်း။ |

| ပုဒ်မ၊ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| ၁ | ၂ |
| ၇၂ (ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း။ |
| ၇၃ (က) | ပုဂ္ဂလိကပိုင်ဈေးဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာတိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၇၃ (င) | ရေခဲနှင့်အချိုရည်စက်ရုံများ၊ အခြားစက်ရုံ၊ အလုပ်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| **ရှင်းလင်းချက်။** | အထက်ဖော်ပြပါ ဇယားစာတိုင်(၂) '' **ပြဋ္ဌာန်းချက်အကျဉ်း** ''ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါပြစ်မှုများအတွက် အဓိပ္ပါယ် ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်ပါသည်။ |

၈၂။ မည်သူမဆို ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)မှ အများဆုံး ကျပ် ၃၀၀၀၀၀(ကျပ်သုံးသိန်း) ထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၈၃။ မည်သူမဆို ပုဒ်မ ၇၉ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင်၊ ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) ချမှတ်ခြင်းခံရမည်။

၈၄။ မည်သူမဆို ပုဒ်မ ၈၀ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်

ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူအား ထပ်မံတရားစွဲဆို၍ ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံးတစ်လမှ အများဆုံးတစ်နှစ်ထိ ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)မှ အများဆုံးကျပ် ၃၀၀၀၀၀(ကျပ်သုံးသိန်း) ထိဖြစ်စေ ချမှတ်ခြင်းခံရမည်။

၈၅။ မည်သူမဆို ပုဒ်မ ၈၁ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ ကတိခံဝန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူအား ထပ်မံတရားစွဲဆို၍ ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံးသုံးလမှ အများဆုံးနှစ်နှစ်ထိ ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ် ကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်သန်း)ထိ ချမှတ်ခြင်းခံရမည်။

၈၆။ မည်သူမဆို ပုဒ်မ ၇၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း) မှ အများဆုံး ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) ထိ ချမှတ်ခြင်းခံရမည်။

၈၇။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်ထိ ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ်အနည်းဆုံးကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) မှ အများဆုံး ကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း) ထိ ချမှတ်ခြင်းခံရမည်။

(ခ) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ကြောင်း သို့မဟုတ် အသားရောင်းချကြောင်း သို့မဟုတ် အသားနှင့်သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လထိ ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း)မှ အများဆုံး ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) ထိ ချမှတ်ခြင်း ခံရမည်။

(ဂ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည်

တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၈။ (က) ပုဒ်မ ၄၅ ကို ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ် အုပ်ချုပ်ရေးမှူး၏ကိုယ်စား တာဝန်ပေးအပ်သူက တရားစွဲဆိုရမည် ။

(ခ) ပုဒ်မခွဲ(က)အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရ စွဲဆိုသောအမှုများကို သက်ဆိုင်ရာ အမှုဆောင်အရာရှိ သို့မဟုတ် အမှုဆောင်အရာရှိမှတာဝန်ပေးအပ်သော အရာထမ်း သို့မဟုတ် အမှုထမ်းကသာ တရားစွဲဆိုရမည်။

၈၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဤဥပဒေအရ မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အကူအညီကို ရယူဆောင်ရွက်ရမည်။

၉၀။ ဤဥပဒေပုဒ်မ ၈၅ (က) နှင့် ၈၅ (ခ) တို့အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

## အခန်း(၂၂)

## အထွေထွေ

၉၁။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသော အဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းများဖြစ်ပါက သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါအတိုင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီးအတွင်းဖြစ်ပါက ဝန်ကြီး၏ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း ။

(ခ) အခြားတိုင်းဒေသကြီးများနှင့်ဆက်စပ်နေပါက သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညှိနှိုင်းခွင့်ပြုချက်ကို ရယူဆောင်ရွက်ခြင်း ။

၉၂။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သော လုပ်ငန်းများနှင့်ဆက်နွယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့်အခွန်၊ အခများနှင့် တပ်ရိုက်သောဒဏ်ငွေများမှ သင့်လျော်သော အခွန်၊ အခနှင့် ဒဏ်ငွေအချိုးအစားကို စည်ပင်သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

၉၃။ စည်ပင်သာယာရေးအဖွဲ့သည် ယခင်စည်ပင်သာယာရေးဥပဒေများအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်း

နိုင်သောပစ္စည်းကိုလည်းကောင်း ၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း ၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၉၄။ စည်ပင်သာယာရေးအဖွဲ့သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် လုပ်ငန်းဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။ သို့ရာတွင် တရားမကြောင်းအရ စည်ပင်သာယာရေးအဖွဲ့အား တရားစွဲဆိုခြင်းမပြုမီ အနည်းဆုံးနှစ်လကြိုတင်၍ စည်ပင်သာယာရေးအဖွဲ့သို့ နို့တစ်စာပေးပို့ပြီး ဖြစ်စေရမည်။

၉၅။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက် အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့သို့ ကြိုတင်အကြောင်းကြားရမည်။

၉၆။ ကော်မတီဝင်များကိုသော်လည်းကောင်း၊ ကော်မတီ၏ အရာထမ်း၊ အမှုထမ်း ဝန်ထမ်း အသီးသီးကို သော်လည်းကောင်း ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၉၇။ ဤဥပဒေကို ပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်း မပြုနိုင်သေးမီကာလအတွင်း စည်ပင်သာယာရေးဆိုင်ရာဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် ဤဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေကို ဥပဒေအတည်ပြုသည့်နေ့မှစ၍ ရက်ပေါင်း(၉၀)အတွင်းထုတ်ပြန်ရမည် ။

(ခ) ဝန်ကြီးသည် ဤဥပဒေအရ ဖွဲ့စည်းရမည့်ကော်မတီအဆင့်ဆင့်ကို ဥပဒေအတည်ပြုသည့်နေ့မှစ၍ ရက်ပေါင်း(၁၈၀)အတွင်း စောနိုင်သမျှ ဆောလျင်စွာ ဖွဲ့စည်းရမည်။

(ဂ) ဝန်ကြီးသည် ဤဥပဒေနှင့်သက်ဆိုင်သည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) ဝန်ကြီးသည် ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို အနီးကပ်ဆုံးကျင်းပသော တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကာလ

အတွင်း လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

၉၉။ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၃)၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေအား ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**ဝင်းသိန်း**

**ဝန်ကြီးချုပ်**

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | နိဒါန်း | | ၁ |
| ၂။ | အခန်း(၁) | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁-၅ |
| ၃။ | အခန်း(၂) | ရည်ရွယ်ချက် | ၆ |
| ၄။ | အခန်း(၃) | ကော်မတီဖွဲ့စည်းခြင်း | ၆-၈ |
| ၅။ | အခန်း(၄) | ကော်မတီအဆင့်ဆင့်၏ တာဝန်၊လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များ | ၈-၁၂ |
| ၆။ | အခန်း(၅) | စည်ပင်သာယာရေးဌာနများ ဖွဲ့စည်းခြင်း | ၁၃ |
| ၇။ | အခန်း(၆) | စည်ပင်သာယာရေးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၃-၁၇ |
| ၈။ | အခန်း(၇) | အခွန်စည်းကြပ်ကောက်ခံခြင်း | ၁၈-၁၉ |
| ၉။ | | အခန်း(၈)စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၁၉-၂၂ |
| ၁၀။ | အခန်း(၉) | တင်ဒါနှင့်လေလံဆိုင်ရာကိစ္စရပ်များစီမံခန့်ခွဲခြင်း | ၂၃ |
| ၁၁။ | အခန်း(၁၀) | အနေးယာဉ်များ စီမံခန့်ခွဲခြင်း | ၂၃-၂၄ |
| ၁၂။ | အခန်း(၁၁) | စက်တပ်ယာဉ်ငယ်၊ ယာဉ်များနှင့် ယာဉ်ရပ်နားစခန်းများ စီမံခန့်ခွဲခြင်း | ၂၄ |
| ၁၃။ | အခန်း(၁၂) | ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၂၅-၂၇ |
| ၁၄။ | အခန်း(၁၃) | သားသတ်လုပ်ငန်းများ စီမံခန့်ခွဲခြင်း | ၂၇-၂၈ |
| ၁၅။ | အခန်း(၁၄) | ကြီးကြပ်ခြင်း | ၂၈-၂၉ |
| ၁၆။ | အခန်း(၁၅) | အယူခံဝင်ခြင်း | ၂၉ |
| ၁၇။ | အခန်း(၁၆) | ဘဏ္ဍာရေး | ၂၉-၃၀ |
| ၁၈။ | အခန်း(၁၇) | ဝန်ထမ်းဖွဲ့စည်းပုံ | ၃၀ |
| ၁၉။ | အခန်း(၁၈) | ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း | ၃၀ |
| ၂၀။ | အခန်း(၁၉) | တားမြစ်ချက်များ | ၃၁-၃၄ |

၂၁။ အခန်း(၂၀) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း ၃၄
၂၂။ အခန်း(၂၁) ပြစ်မှုနှင့် ပြစ်ဒဏ်များ
၃၅-၄၃
၂၃။ အခန်း(၂၂) အထွေထွေ ၄၃-၄၅